# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ( ၁၅ /၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၂) ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက် အာဏာသိမ်းယူခဲ့ချိန်မှစ၍ စစ်ကောင်စီယန္တရား လည်ပတ်မှု ရပ်တန့်စေရန် အာဏာဖီဆန် တော်လှန်ခဲ့ကြသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန CDM ဝန်ထမ်းများ၏ နိုင်ငံ့အရေးအတွက် ကိုယ်ကျိုးစွန့် ရပ်တည်ခဲ့မှုကို အမျိုးသားညီညွတ်ရေး အစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လေးမြတ်စွာ ဂုဏ်ယူပါသည်။

၂။ တော်လှန်ရေး၏ အဓိက မဏ္ဍိုင်ဖြစ်သော CDM လှုပ်ရှားမှုတွင် ယခုအချိန်အထိ ပါဝင်ပေး နေသော ဝန်ထမ်းများကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။ စစ်ကောင်စီ၏ ယန္တရား ရပ်တန့်နိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် အဓိက အရေးကြီးသည့် ယန္တရား များအနက် တစ်ခု အပါအဝင် ဖြစ်သည့်အတွက် ပညာရှင်များ၊ အရာထမ်း၊ အမှုထမ်းများ အားလုံး၏ ပါဝင်မှုကိုလည်း လေးလေးစားစား အသိအမှတ်ပြုပါသည်။

၃။ ထို့ပြင် ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုကြောင့် အကြမ်းဖက်စစ်ကောင်စီ၏ လုပ်ရပ်သည် တရားမဝင်ကြောင်း၊ နိုင်ငံတော် ပုန်ကန်မှုသာဖြစ်ကြောင်း နိုင်ငံတကာနှင့် ပြည်တွင်းရှိပြည်သူ များ၊ သံတမန်များနှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကို ခြွင်းချက်မရှိ သိသာစေခဲ့ပါသည်။

၄။ ယခုအခါ တော်လှန်ရေး တဆင့်မြင့်တက်သွားပြီဖြစ်သည့်အားလျော်စွာ CDM ၏ အရေးပါ မှုသည်လည်း နောက်တဆင့် မြင့်တက်သွားပြီဖြစ်ပါသည်။ ပြည်သူများအနေဖြင့်လည်း တော်လှန် ရေး၏ ပင်မ မဏ္ဍိုင်များဖြစ်သော CDM ဝန်ထမ်းများ၏ အရေးပေါ်နေထိုင်ရေး၊ ကျန်းမာရေး နှင့် အသက်မွေးဝမ်းကြောင်းမှု ကိစ္စရပ်များတွင် လိုအပ်သည်များ ထောက်ပံ့ကူညီပေး ကြစေလိုပါ သည်။

၅။ စစ်အာဏာရှင် ပြုတ်ကျရေး အမြစ်ဖြတ်တွန်းလှန်နေသည့် တော်လှန်ရေးတွင် ပြည်သူအားလုံး အင်တိုက်အားတိုက် ပါဝင်နိုင်သည်နှင့်အမျှ တော်လှန်ရေး အမြန်ပြီးမြောက် အောင်မြင်မည် ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(စိုးသူရထွန်း)
ပြည်ထောင်စုဝန်ကြီး